ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
Presidentoffice@nugmyanmar.org

# ပြည်ထောင်စုမြန်မာနိုင်ငံတော် ယာယီသမ္မတကြီး ဒူဝါလရှီးလက ပြည်သူလူထုများသို့ ပြောကြားသည့် မိန့်ခွန်း

ရက်စွဲ - ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၇) ရက်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုအပေါင်းတို့ ခင်ဗျား

လွန်ခဲ့သည့် ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ မင်းအောင်လှိုင် ဦးဆောင်သည့် အကြမ်းဖက် စစ်အုပ်စုသည် ပြည်သူလူထု တင်မြှောက်ထားသည့် ဒီမိုကရေစီအစိုးရကို အာဏာသိမ်းပြီး အာဏာရှင် စစ်ကောင်စီကို ထူထောင်ခဲ့ပါသည်။

ထိုသို့အကြမ်းဖက်စစ်အုပ်စုမှ အာဏာလုယူပြီးနောက်ပိုင်း ပြည်သူပြည်သားများအနေဖြင့် တစ်ရက်မှ ပျော်ရွှင်မှုမရရှိခဲ့ပါ။ ပြည်သူလူထု၏ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုများကို ရက်စက်ယုတ်မာစွာ ပစ်ခတ်သတ်ဖြတ် ရိုက်နှက်ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပုဒ်မ အမျိုးမျိုး တပ်၍ ထောင်တွင်းအကျဉ်းချထားခြင်း အဆက်မပြတ်လုပ်ဆောင်နေသည်မှာ (၈) လ သို့ပင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ယခုအခါ အကြမ်းဖက် စစ်ကောင်စီတပ်များသည် လူနေရပ်ကွက်များ၊ ဘာသာရေး အဆောက်အအုံများ၊ ဆေးရုံများ၊ စာသင်ကျောင်း များစသည်တို့တွင် တပ်စွဲလျက် ပြည်သူလူထုအား အနီးကပ်ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ဥစ္စာ ပစ္စည်းများအား ဓါးပြတိုက် လုယက်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း စသည့် လူမဆန်သော စစ်ရာဇဝတ်မှုများကို ဆက်တိုက် ကျူးလွန် လျက်ရှိသည်မှာ တစ်ကမ္ဘာလုံး အသိပင် ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ဓမ္မတရားနည်းလမ်းနှင့်အညီ သည်းခံခဲ့သော်လည်း အကျိုးထူး လာဖွယ်မရှိသည်အတွက် အကြမ်းဖက် စစ်ကောင်စီအား နည်းလမ်းစုံဖြင့် ခုခံဆန့်ကျင်

လျက်ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တာဝန်ရှိသည့်အလျောက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် အကြောင်းပေါ်ပေါက်လာသည့်အတွက် အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

**(၁) ဒီနေ့ စက်တင်ဘာလ (၇) ရက်၊ တော်သလင်း လဆန်း (၂) ရက်မှစ၍ စစ်အာဏာရှင်ဆန့်ကျင်ရေး ပြည်သူတို့၏ ခုခံတွန်းလှန်စစ်သည် စတင်နေပြီ ဖြစ်သည်။ ဤတော်လှန်ရေးသည် ပြည်သူလူထု၏ တော်လှန်ရေး ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းရှိ ပြည်သူပြည်သားများအားလုံး မင်းအောင်လှိုင် ဦးဆောင်သည့် အကြမ်းဖက်စစ်အုပ်ချုပ်ရေးကို တနိုင်ငံလုံးအတိုင်းအတာဖြင့် လှည်းနေလှေအောင်း မြင်းစောင်းမကျန် တွန်းလှန်တိုက်ဖျက်ကြပါ။**

**(၂) ပြည်သူ့ကာကွယ်ရေးတပ်များအနေဖြင့် မိမိတို့ဒေသအတွင်းရှိ စစ်အာဏာရှင်နှင့် ၎င်းတို့၏ ဒေါက်တိုင် အဖွဲ့အစည်းများကို ပစ်မှတ်ထား ထိန်းချုပ်ကြပါ။**

**(၃) စစ်ကောင်စီခန့် အဆင့်ဆင့်သော အုပ်ချုပ်ရေးမှူးများအားလုံး အလုပ်မှ ချက်ချင်းစွန့်ခွာကြပါ။**

**(၄) PDF များအနေဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်ကို သတိထားကာကွယ်စောင့်ရှောက်ပါ၊ အထက်မှ ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာပါ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်က ထုတ်ပြန်ထားသော စစ်ဖက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ကို တသွေမတိမ်းလိုက်နာကြပါ။**

**(၅) ပြည်သူ့လုံခြုံရေးတပ်များအနေဖြင့်လည်း မိမိတို့ဒေသရပ်ရွာမြို့ပြများရှိ ပြည်သူတို့၏ အသက် အိုးအိမ်ကို လုံခြုံစိတ်ချအောင် စီမံချက်ချ ကာကွယ်စောင့်ရှောက်ကြပါ။**

**(၆) ပြည်သူများအနေဖြင့် ယနေ့မှစ၍ မလိုအပ်ဘဲ ခရီးသွားလာခြင်း မပြုကြဘဲ တစ်ဦးချင်း၏ လုံခြုံမှု ကို အထူးဂရုစိုက်ကြပါ။ လိုအပ်မည့် ရိက္ခာ၊ ဆေးဝါး စသည်တို့ကို စုဆောင်းထားကြပါ။ ပြည်သူ့ ကာကွယ်ရေးတပ်မတော်နဲ့ မဟာမိတ် များကိုလည်း တတ်နိုင်သမျှ ကူညီစောင့်ရှောက်ကြပါ။ စစ်ကောင်စီတပ်များ၏ လှုပ်ရှားမှုသတင်းများကို ပြည်သူ့ကာကွယ်ရေးအဖွဲ့များသို့ အချိန်မီပေးပို့ကြပါ။**

(၇) တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အားလုံးကလည်း မင်းအောင်လှိုင် နှင့် အကြမ်းဖက် စစ်အုပ်စုကို နည်းမျိုးစုံဖြင့် ချက်ချင်းတိုက်ခိုက်သွားကြပါ။ မိမိတို့၏ နယ်မြေများကို အပြည့်အဝ ထိန်းချုပ်ထားကြပါ။

(၈) စစ်အာဏာရှင်အုပ်စိုးမှုနှင့် စစ်အုပ်ချုပ်ရေးယန္တရားကို ပြည်သူ့အားဖြင့် တွန်းလှန် ဖျက်သိမ်းကြပါ။ တဆက်တည်းမှာ ပြည်သူ့အုပ်ချုပ်ရေးသို့ ပြောင်းလဲနိုင်ရန်အတွက် ပြည်သူလူထုနှင့် အနီးကပ်ညှိနှိုင်း ဆောင်ရွက်စီမံကြပါ။

(၉) အကြမ်းဖက်စစ်အုပ်စု၏ လှည့်ဖျားမှုတွင် နားယောင်ခဲ့သည့် နယ်ခြားစောင့်တပ်ဖွဲ့ (BGF)များ နှင့် ပြည်သူ့စစ်အားလုံး ယနေ့မှစ၍ ပြည်သူများနှင့် ပူးပေါင်း၍ ပြည်သူ့ ရန်သူများကို စတင်ရင်ဆိုင် တိုက်ခိုက်ကြပါ။

(၁၀) ယခုတော်လှန်ရေးသည် တရားနည်းလမ်းကျသော တရားမျှတသော တော်လှန်ရေး ဖြစ်သည်။ ရေရှည်ငြိမ်းချမ်းသော နိုင်ငံတော်တည်ဆောက်ရေး၊ ဖက်ဒရယ်ပြည် ထောင်စု တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် တော်လှန်ရေး ဖြစ်သည်။

(၁၁) မိမိတို့ နိုင်ငံတော်၏ ပကတိအခြေအနေလိုအပ်ချက်အလျောက် လုပ်ဆောင်သည် ဖြစ်၍ အိမ်နီးချင်းနိုင်ငံများ၊ ASEAN နိုင်ငံများ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံအသီးသီး ကလည်း နားလည်ပေးကြလိမ့်မည်ဟု ယုံကြည်ပါသည်။

(၁၂) ပြည်သူ့တော်လှန်ရေး စတင်ပြီဖြစ်၍ မင်းအောင်လှိုင်၏ လိမ်လည်လှည့်ဖျား ဖိနှိပ်မှု အောက်တွင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများ၊ ပြည်သူ့ရဲ များ၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ် PDF များနှင့် ချက်ချင်း ဆက်သွယ် ပူးပေါင်းပါ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာနများသို့ အမြန်ဆုံး သတင်းပို့ကြ ပါ။

(၁၃) ယနေ့မှစ၍ စစ်ကောင်စီ လက်အောက်ခံ ဝန်ထမ်းအားလုံး ရုံးတက်ခြင်း မပြုကြရန် သတိပေး တားမြစ်လိုက်သည်။

(၁၄) ယခုအရေးတော်ပုံတွင် အသက်၊ အိုးအိမ်၊ စွန့်လွှတ်အနစ်နာခံသူများကို နိုင်ငံတော်၏ သူရဲကောင်း များအဖြစ် အစဉ်အမြဲ အသိအမှတ်ပြုနေမည် ဖြစ်ပါသည်။

ပြည်သူ့အုံကြွမှုကို ကျေးလက်၊ မြို့ပြနှင့် နိုင်ငံတဝှမ်းလုံးတွင် တပြိုင်တည်း လုပ်ဆောင်ကြရမည်။ ပြည်သူလူထု၏ စည်းလုံး ညီညွတ်မှု၊ တီထွင်ဆန်းသစ်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စိတ်ဓာတ် ပြင်းထန်ကြံ့ခိုင်မှုပေါ် မူတည်၍ တော်လှန်ရေးကာလ တိုတောင်းမည်ဖြစ်ပါသည်။

အာဏာသိမ်းအကြမ်းဖက် မင်းအောင်လှိုင်နှင့် အာဏာရှင်စနစ်ကို မြန်မာနိုင်ငံမှ အပြီးတိုင်ဖြုတ်ချကာ တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားပြည်သူများအားလုံး စောင့်မျှော်ခဲ့သည့် တန်းတူအခွင့်အရေးကို အပြည့်အဝအာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ထူထောင်ကာ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း ကမ္ဘာ့အလည်တွင် တဖန် ဂုဏ်သိက္ခာထွန်းတောက်လာမည်ဖြစ်ပါသည်။

**အရေးတော်ပုံ မုချအောင်ရမည်!!**

ဒူဝါလရှီးလ
ယာယီသမ္မတ
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုမြန်မာနိုင်ငံတော်